## (၁၆.၁၀.၂၀၂၀) မှ (၂၂.၁၀.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်း ရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် ၁၉၀၉ ဒေါ်လာ ပေါက်ဈေးရှိခဲ့ပြီး အောက်တိုဘာလ ၂၁ ရက်နေ့တွင် ၁၉၂၀ ဒေါ်လာသို့ ပြန်လည် မြင့်တက်လာခဲ့ပြီး အောက်တိုဘာလ ၂၂ ရက်နေ့တွင် ၁၉၁၆ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ ပြည်တွင်းရွှေဈေးသည် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၁၃၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာလ ၂၁ ရက်နေ့တွင် ၁၃၁၈၀၀၀ ကျပ်သို့ ဈေးနှုန်းမြင့်တက်လာခဲ့ပြီး အောက်တိုဘာလ ၂၂ ရက်နေ့တွင် ၁၃၁၅၀၀၀ ကျပ် ပေါက်ဈေး ဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၂၂ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၁၀.၂၀၂၀ | ၁၃၁၀၅၀၀ | ၁၈၈၅ |
| ၂ | ၂.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၁၀ |
| ၃ | ၆.၁၀.၂၀၂၀ | ၁၃၁၆၅၀၀ | ၁၉၁၃ |
| ၄ | ၇.၁၀.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၉၂ |
| ၅ | ၈.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၂ |
| ၆ | ၉.၁၀.၂၀၂၀ | ၁၃၀၉၀၀၀ | ၁၉၁၃ |
| ၇ | ၁၀.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၃၀ |
| ၈ | ၁၂.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၂၈ |
| ၉ | ၁၃.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၁၇ |
| ၁၀ | ၁၄.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၉၇ |
| ၁၁ | ၁၅.၁၀.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၈ |
| ၁၂ | ၁၆.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၀၉ |
| ၁၃ | ၁၇.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၀ |
| ၁၄ | ၁၉.၁၀.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၉၀၁ |
| ၁၅ | ၂၀.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၀၁ |
| ၁၆ | ၂၁.၁၀.၂၀၂၀ | ၁၃၁၈၀၀၀ | ၁၉၂၀ |
| ၁၇ | ၂၂.၁၀.၂၀၂၀ | ၁၃၁၅၀၀၀ | ၁၉၁၆ |

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက် များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 %၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရပါသည်။

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် ပြင်ပဈေးကွက်မှ ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူထိန်းညှိပေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လ ၂ ရက်နေ့မှ အောက်တိုဘာလ ၂၀ ရက်နေ့အတွင်း နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် အမေရိကန် ဒေါ်လာ ၃၂.၁၅ သန်းကို ထပ်မံဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလ ၂၀ ရက်နေ့အထိ အမေရိကန်ဒေါ်လာ သန်း ၂၉၀ ကျော် ဝယ်ယူထားပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ဈေးကွက်အတွင်းသို့ အမေရိကန်ဒေါ်လာ ၂.၇၀ သန်း ပြန်လည်ရောင်းချပေး ခဲ့ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရ သိရှိရပါသည်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၇၀ သန်း၊ အောက်တိုဘာလ ၅ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၈၀ သန်း၊ အောက်တိုဘာလ ၆ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၈၀ သန်း၊ အောက်တိုဘာလ ၇ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၈၀ သန်း၊ အောက်တိုဘာလ ၈ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၈၀ သန်း၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အမေရိကန် ဒေါ်လာ ၇.၇၀ သန်း၊ အောက်တိုဘာ ၁၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၇၀ သန်းနှင့် အောက်တိုဘာ လ ၂၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၁.၈၅ သန်း ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်း အတက်/အကျ ကြီးမားခြင်းကို လျှော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်အရန်ငွေ ဖြည့်တင်းရန် အချက်နှစ်ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေ ဈေးပြိုင် လေလံအား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များချမှတ်ထားပြီး အဆိုပါ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေ ဈေးပြိုင်လေလံတွင်ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer–AD) ရ ဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ် (၃) ဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ် နှင့် နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေ ဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်နေ ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်တွင် ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေ တန်ဖိုး မြင့်တက်စေရန်ဖြစ်စေ သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိပေး ကြေညာထားသည်ကို သိရှိရပါသည်။

၁၀။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှ အောက်တိုဘာလ ၂၁ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၆-၁၀-၂၀၂၀ | ၁၉-၁၀-၂၀၂၀ | ၂၀-၁၀-၂၀၂၀ | ၂၁-၁၀-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၂၉၆.၇ | ၁၂၉၃.၉ | ၁၂၉၃.၉ | ၁၂၉၄.၂ | -၀.၁၉ | ⬇ |
| ၂ | Thai Baht | THB | ၃၁.၁၆၅ | ၃၁.၂၀၀ | ၃၁.၂၆၀ | ၃၁.၂၃၀ | ၀.၂၁ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၅၉ | ၁.၃၅၇ | ၁.၃၅၇ | ၁.၃၅၅ | -၀.၂၉ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၄၉ | ၄.၁၄၂ | ၄.၁၅၀ | ၄.၁၄၆ | -၀.၀၇ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၇၀၀ | ၁၄၆၉၅ | ၁၄၆၅၅ | ၁၄၆၃၂ | -၀.၄၆ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၇၀၀ | ၆.၆၉၂ | ၆.၆၈၀ | ၆.၆၅၇ | -၀.၆၄ | ⬇ |
| ၇ | Indian Rupee | INR | ၇၃.၃၅၁ | ၇၃.၃၅၄ | ၇၃.၄၃၄ | ၇၃.၆၀၁ | ၀.၃၄ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၅.၂၁၇ | ၁၀၅.၃၄၉ | ၁၀၅.၅၂၁ | ၁၀၄.၉၄၆ | -၀.၂၆ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၁၂ | ၁.၄၀၉ | ၁.၄၂၁ | ၁.၄၁၄ | ၀.၁၄ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၅၄ | ၀.၈၅၂ | ၀.၈၄၉ | ၀.၈၄၄ | -၁.၁၇ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၃ | ၀.၇၆၉ | ၀.၇၇၁ | ၀.၇၆၇ | -၀.၇၈ | ⬇ |


Source- Central Bank of Myanmar

၁၁။ အမေရိကန်ဒေါ်လာ ငွေလဲလှယ်မှုနှုန်းမှာ COVID-19 ကာလအတွင်း ဆက်တိုက်ကျဆင်း နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် ပြင်ပဈေးကွက်မှ ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူထိန်းညှိပေးလျက်ရှိပြီး နိုင်ငံတော် အစိုးရမှလည်း ငွေကြေးတည်ငြိမ်စေရေး အဓိကထား ဆောင်ရွက်လျက်ရှိသောကြောင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လဆန်းပိုင်းအတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀

အောက်သို့ ကျဆင်း သွားခဲ့ပါသည်။ သို့ရာတွင် အောက်တိုဘာလ ဒုတိယပတ်အတွင်းတွင် အမေရိကန် တစ်ဒေါ်လာ လျှင် ၁၃၁၀ ကျပ် အထက်သို့ ပြန်လည် မြင့်တက်လာခဲ့သော်လည်း အောက်တိုဘာလ တတိယ ပတ်အတွင်း ပြန်လည် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

၁၂။ ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အောက်တိုဘာလ ၁၆ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၂၉၆.၇၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ၁၂၉၄.၂၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀.၁၉ % ပြန်လည် ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၂၁ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




၁၄။ ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် အောက်တိုဘာလ ၁၆ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၅ ကျပ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၁ ကျပ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၃ ကျပ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၆ ကျပ်နှင့် အောက်တိုဘာလ ၂၂ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၁ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။

C:\Users\ictcjaye\Downloads\7. Golden & X- Rate (16-22).10.20.docx